BLOOD MONEY campaign

# ပြင်သစ် တိုတယ် ကုမ္ပဏီ က ရတနာ စီမံကိန်း မှ တာဝန်မဲ့စွာ ထွက်ခွာခြင်းအပေါ် သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု မှ ရှုတ်ချခြင်း။

သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု၏ သဘောထား ထုတ်ပြန်ချက် - ၂၀၂၂ခုနှစ် ဇူလိုင်လ (၂၂)ရက်။

တိုတယ် ကုမ္ပဏီ သည်  နှစ်ပေါင်း ၃၀ကျော်ကြာ မြန်မာ့ သယံဇာတ အရင်းအမြစ်များကို အကျိုးအမြတ်များ ရယူပြီးနောက် နောက်ဆုံး ထွက်ခွာသည့် အချိန်တွင် တိုတယ် မြန်မာပြည်သို့ စတင် ဝင်ရောက်ခဲ့သည့်အချိန်က ကဲ့သို့ပင် ၎င်း၏ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ဝတ္တရားများ လျစ်လျူရှုခြင်းကို ထင်ဟပ်နေပါသည်။ တိုတယ် သည် မြန်မာပြည်သူများ၏ တောင်းဆိုမှုအသံကို အတိအလင်း  လျစ်လျူရှုခဲ့ပြီး ရက်စက်ကြမ်းကြုတ်သော စစ်တပ်ကို ငွေကြေး အထောက်အပံ့ပြုခဲ့ပါသည်။

PTTEP၊ ပေါစကို၊ ချဲဗ်ရွန် နှင့် KOGAS စသည့် မြန်မာနိုင်ငံတွင် ကျန်ရှိနေသော ဓါတ်ငွေ့ ကုမ္ပဏီများလည်း တိုတယ်နှင့် မတူညီသော လမ်းကြောင်းကို ရွေးချယ်ကာ စစ်အုပ်စုနဲ့ ပူးပေါင်းနေခြင်းကို ရပ်တန့်ဖို့ ကျွန်ုပ်တို့မှ တိုက်တွန်းသည်။ လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်ထားသော စစ်အုပ်စုကို ငွေကြေး လွှဲပြောင်းဖို့ အမေရိကန် ဘဏ်များမှ တစ်ဆင့် အသုံးပြုနေသည်ကို အမေရိကန် အစိုးရက စောင့်ကြည့်နေမည့်အစား MOGE ကို အမြန်ဆုံး ပိတ်ဆို့ အရေးယူပေးဖို့ တိုက်တွန်းသည်။

မြန်မာ အရပ်ဘက် အဖွဲ့အစည်းများနှင့် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) တို့သည် တိုတယ် ကုမ္ပဏီကို လူမျိုးတုံး သတ်ဖြတ်မှု ကျူးလွန်ထားသော စစ်အုပ်စုသို့ ဓါတ်ငွေ့ ဝင်ငွေများ လွှဲပြောင်းနေခြင်းများကို ဆိုင်းငံ့ထားရန် လုပ်ဆောင်နိုင်သော အဆင့်များကို ပြုလုပ်ရန်နှင့် တတိယအကောင့် များတွင် သိမ်းဆည်းထားပေးရန် ထပ်ခါ ထပ်ခါ တိုက်တွန်း တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ ထိုတိုက်တွန်းမှုများကို လုပ်ဆောင်ရမည့်အစား စစ်အုပ်စုထံကိုသာ တစ်နှစ်ပတ်လုံး ငွေကြေး လွှဲပြောင်းခဲ့ပါသည်။ တိုတယ်က စစ်အုပ်စုကို တစ်လလျှင် ဒေါ်လာ သန်းပေါင်းများစွာ ရရှိရန် အတွက်လည်း ပြုလုပ်ပေးခဲ့သည်။ တိုတယ်သည် ပိတ်ဆို့အရေးယူမှုတွေကို ဟန့်တားသည့် မမှန်ကန်သော သတင်းအချက်အလက်များကို ဖြန့်ဖြူးခဲ့သည့် တစ်ပြိုင်နက်တည်းမှာပင် ထိုင်းနိုင်ငံ၏ ဆေးရုံများမှာ မြန်မာနိုင်ငံရှိ ဓါတ်ငွေ့ အပေါ်မူတည်သည်ဟု အချက်အလက် လွဲမှားစွာ ထုတ်ပြန်ခဲ့

သေးသည်။ ထို့နောက် ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့တွင် တိုတယ် ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ထွက်ခွာမည် ဖြစ်ကြောင်း ကြေငြာခဲ့သည်။

တိုတယ် ကုမ္ပဏီ က " မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများ" ကို လူသိရှင်ကြား ရှုတ်ချ ထားစဉ် လက်တွေ့မှာ စစ်ရာဇဝတ်မှု နှင့် လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်ရန် လက်နက်များ ဝယ်ယူရေးအတွက် အသုံးပြုနိုင်ရန် စစ်အုပ်စုကို လစဉ် ငွေပေးချေမှုများ ဆက်လက် ပြုလုပ်ခဲ့သည်။ ထို့နောက် ရာဇဝတ်ကောင် စစ်အုပ်စု ထိန်းချုပ်ထားသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) သို့ ရှယ်ယာများ လွှဲပြောင်းခဲ့ကာ ယင်းသို့ လုပ်ဆောင်နိုင်ရန်အတွက် ဥရောပ သမဂ္ဂ ပိတ်ဆို့မှု မှ ကင်းလွတ်ခွင့်ရရန် ချဉ်းကပ်စည်းရုံးမှုများပင် လုပ်ခဲ့သေးသည်။

မြန်မာလူထု ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူကို ကိုယ်စားပြုသော NUG နှင့် တွေ့ဆုံ ဆွေးနွေး တိုင်ပင်မှု လုံးဝ မရှိဘဲ မြန်မာလူထု၏ အကျိုးအတွက် ဟုဆိုပြီး တိုတယ်သည် စစ်အုပ်စုကို သန်းပေါင်းများစွာသော ငွေကြေးများ ဆက်လက် ထောက်ပံ့ပေးရန် အော်ပရေတာ အသစ်ကို ခေါ်ဆောင်လာရန် ဆုံးဖြတ်ခဲ့သည်။

ဓါတ်ငွေ့ ဝင်ငွေများ စစ်အုပ်စုထံ မရောက်ရှိစေရန် လုပ်ဆောင်နိုင်သော နည်းလမ်းများကို လျစ်လျူရှုနေခြင်း နှင့် အဏ္ဏာသိမ်း စစ်အုပ်စုကို အစိုးရကဲ့သို့ ဆက်ဆံနေခြင်းကို ရပ်တန့်ရန် ကျွန်ုပ်တို့အနေဖြင့် တိုတယ် ကုမ္ပဏီကို ထပ်ပြီး တိုက်တွန်း တောင်းဆိုသည်။ တိုတယ် သည် သတင်းအမှားများကို ဆက်လက်လုပ်ဆောင်နေသည်။ ဓါတ်ငွေ့ ဝယ်ယူသူ PTT ထံမှ ငွေပေးချေ မှုများ ပြုလုပ်သည် ဆိုသည့်အချက်တွင် တိုတယ် ကုမ္ပဏီ ထိမ်ချန်ထားသောအချက် ရှိသည်။ မည်သို့ပင် ဆိုစေကာမူ မြန်မာအစိုးရ၏ ကိုယ်စားလှယ်အဖြစ် စာချုပ်ပါ သဘောတူညီချက်အတိုင်း ပြုမူဆောင်ရွက်ပြီး ခုံသမာဓိကို အသုံးပြု၍ ငွေကြေးများကို လမ်းကြောင်း လွှဲပြောင်းရန် လုပ်ဆောင်နိုင်ပါသော်လည်း တိုတယ် သည် ငြင်းပယ်ခဲ့သည်။

အချုပ်အားဖြင့် တိုတယ် ကုမ္ပဏီသည် ကြီးမားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အရပ်သားများကို အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများ အပါအဝင် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်မှုများ၊ တစ်ရွာပြီး တစ်ရွာ ညှင်းပန်း နှိပ်စက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေသော  စစ်အုပ်စု၏ ရာဇဝတ်မှုများတွင် ၎င်း၏ ပါဝင်ပတ်သက်နေမှုကို အဆုံးသတ်ရန် ကြိုးပမ်းနိုင်သည့် လုပ်နိုင်စွမ်း အခွင့်အာဏာများရှိလျက် လျစ်လျူရှုခဲ့သည်။ မြန်မာပြည်တွင် ကျန်ရှိနေသော PTTEP၊ ပေါစကို အင်တာနေရှင်နယ်၊ ချဲဗ်ရွန် နှင့် KOGAS စသည့် ဓါတ်ငွေ့ ကုမ္ပဏီများသည်လည်း ရာဇဝတ်ကောင် စစ်အုပ်စုကျူးလွန် ထားသော ရာဇဝတ်မှုများ အားလုံးကို ပါဝင်ပတ်သက်နေပါသည်။ ၎င်းတို့သည် အမေရိကန် က MOGE ကို အမြန်ဆုံး ပိတ်ဆို့အရေးယူမှု ပြုလုပ်ရန်

ထောက်ခံသင့်ပြီး ခါတ်ငွေ့ ဝင်ငွေများကို လမ်းကြောင်းပြောင်းလွှဲရန် ဖြစ်နိုင်ချေရှိသော နည်းလမ်းများကို အသုံးပြုသင့်သည်။ လူမျိုးတုံး သတ်ဖြတ်ထားသော ရာဇဝတ်ဂိုဏ်း ကို အစိုးရ တစ်ရပ်အဖြင့် ဆက်ဆံနေခြင်းကို ရပ်တန့်ရန် ရိုးရှင်းသော ဆုံးဖြတ်ချက်ဖြင့် စတင်ရမည်ဖြစ်သည်။

**ဆက်သွယ်ရန်**

**ကိုရဲ –** + 959 966 87 8881 (signal) , bloodmoneycampaign21@gmail.com

သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှုသည် အာဏာသိမ်း မြန်မာ စစ်အုပ်စုထံ ရောက်ရှိနေသော ဝင်ငွေများ ရပ်တန့်ရန် မြန်မာ တက်ကြွလှုပ်ရှားသူများဖြင့် စုပေါင်းလုပ်ဆောင်နေသော လှုပ်ရှားမှု ဖြစ်ပါသည်။